မိုးမြေက လူကြီး၏ အံဖတ်များကို ကျုံးရင်း

“ ဘာဖြစ်လို့ ဒီလောက်တောင် ဒေါသကြီးနေရတာ လဲ၊ ဦးလေးက သေတော့မယ်လို့ ကိုယ့် ကိုယ်ကို ယုံကြည်လည်း ဘဂကူးကောင်းအောင် တရားစာလေး ဘာလေး ရွတ်နေပါလား ”

ဟု ပြောဆိုလေ၏ ။

ထိုအခါ လူကြီးက မိုးမြေကို မကျေမချမ်းကြည့်၍

“ ဟေ့ကောင် . . . မင်းငါ့ကို အထင်သေးလှချည်လား၊ ငါ့ကို သေခါနီး ဘုရားကြိုက်အောင် လုပ်မပြချင်တော့ဘူး၊ ငါဟာ ဒိဋ္ဌိကွ၊ ငါ့ထိုက်နဲ့ ငါ့ကံ ငရဲကိုပဲ ရောက်ပါစေတော့၊ ပျော်ပျော်ကြီး သွားလိုက်မယ် ”

ဟု ပြောလေ၏ ။

သန့်ရှင်းရေးသမား အဘိုးကြီးသည် မကြာခဏ လာရောက်ကြည့်ရှုပြီး မိုးမြေအား အားပေး စကား ပြော၏ ။

တရုတ်သူဌေးကျင်ပှက်သည် လူ့ဂွစာကြီးအား ကျားသုံးကောင်ဆိုင်ကြီးတွင် ဆက်လက် ထားချင်ပုံမရချေ၊ လူ့ဂွစာကြီးက တစ်လစာငွေကို ပေးထားသဖြင့် ကျင်ပှက်တစ်ယောက် အခက် တွေ့နေလေ၏ ။

မည်သို့ပင်ဖြစ်စေ မိုးမြေသည် လူ့ဂွစာကြီးအား ငြိုငြင်ခြင်း မရှိဘဲ တစ်ရက်ပြီးတစ်ရက် ပြုစု စောင့်ရှောက်ပေး၏ ။ သို့သော် ထိုလူကြီး၏ အခြေအနေသည် တဖြည်းဖြည်း ပိုမိုဆိုးရွားလာ၏ ။

ထိုလူကြီးသည် အစားအသောက်ကိုပင် မဝင်တော့ဘဲ သွေးများ မကြာခဏ အန်ချနေ၏ ။ မိုးမြေ လူ့ဂွစာကြီးကို ပြုစုစောင့်ရှောက်ပြီး ခုနစ်ရက်မြောက်သောနေ့တွင် ၎င်းက ပင်ပန်းကြီးစွာဖြင့် သွေးများကို အန်ချလိုက်ပြီး

